

မုံတလျင်းဝေ
သရဒ်ဝေ ပန်းနို့ ဝဏ္ဏဟန် ။

# မညိုးပန်းတွေ မောင့်ရင်မှာ ဝေနေ

## (၁)

“ဟား…ငါ့ ဘဝကြီးက ငြီးငွေ့စရာကြီးပါလား၊ တစ်နေ့တစ်နေ့ ဒီစားပွဲမှာ ထိုင်ထိုင်နေရတာ ပဲ”

ပလစ်စတစ်ဆွဲခြင်းကို စားပွဲပေါ် တင်ရင်း ကြိမ်ကုလားထိုင်မှာ စိတ်ပျက်လက်ပျက်ကြီး ပန်းမြတ်လေး ထိုင်လိုက်သည်။

လုပ်ရမည့်အလုပ်တွေကို လက်ဖျားနှင့်ပင် မတို့သေးဘဲ စားပွဲပေါ်မှာမေးထောက်ပြီး မကြည်မလင်မျက်နှာလေးနှင့် ထိုင်နေသည်။

ခုလို ပူအိုက်တဲ့ရာသီမှာ သည်လိုအလုပ်စားပွဲမှာ ထိုင်ရတာ ပိုပြီး ပျင်းရိခြောက်သွေ့သလို ခံစားနေရသည်။

အပျော်ခရီးထွက်ရလျှင် ဘယ်လောက်များ ကောင်းလိမ့်မလဲလို့ ပန်းမြတ်လေးတွေးနေသည်။ စိတ်လက်ကြည်နူးရွှင်လန်းနေစဉ်က အလုပ်မှာ ပျော်မွေ့ခဲ့သော်လည်း စိတ်ညစ်ညူးစရာ အဖြစ်တွေနှင့် ကြုံတွေ့ပြီးသည့်နောက် ရုံးခန်းမှာလည်း နေလိုစိတ်မရှိ။

ပန်းမြတ်လေးရဲ့စိတ်တွေ လွင့်ပါးနေသည်။ စိတ်တည်ငြိမ်မှုမရှိတော့။ နေမိသည့် ပတ်ဝန်းကျင်ကို ငြီးငွေ့နေသည်။

“ဟင်း”

စိတ်ပျက်လက်ပျက် သက်ပြင်း ရှည်ကြီးကို ချလိုက်သည်။ အလိုမကျစိတ်များ ရင်ထဲမှာ စိုးမိုးနေသည်။

ပျော်ရွှင်စရာများ ဆိတ်သုန်းနေသော အထီးကျန်ဘဝမှာ စိတ်ပျက်စရာ ငြီးငွေ့စရာတွေနဲ့ ပါလား။ တွေဝေငေးမှိုင်နေသော မျက်နှာ လှလှလေးကို တစ်နေရာက လူကြီးတစ်ယောက်ကြည့်နေသည်ကို ပန်းမြတ်လေး မသိရှာပါ။

ရည်မွန်သားနားသော လူကြီးက ပန်းမြတ်လေး နားဆီသို့ လျှောက်လာနေသည်။ ပန်းမြတ်လေးက ထိုအဖြစ်ကို သတိမမူမိပါ။

"ပန်းမြတ်လေး"

"ရှင်..."

ထောက်ထားသော မေးဆတ်ခနဲ လွတ်သွားသည်။ အလန့်တကြား ပြူးဝိုင်းသော မျက်လုံးလေးတွေနှင့် အသံရှင်ကို မော့ကြည့်လိုက်သည်။ ပန်းမြတ်လေးတို့ရဲ့ ကုမ္ပဏီသူဌေး ဦးငြိမ်းဝေကို တွေ့ရသည်။

"ဘာတွေ ငေးမှိုင်နေတာလဲကွယ်"

"ဟို ဘာ...ဘာမှ မဟုတ်ပါဘူး ဦး"

အထစ်ထစ်ငေါ့ငေါ့နှင့် ပန်းမြတ်လေး ဖြေလိုက်သည်။ ဦးငြိမ်းဝေက ပြုံးပြုံးကြီးနှင့် သူမကို ကြည့်နေပါသည်။

"ဟုတ်ရဲ့လားကွယ်၊ ဦး ပန်းမြတ်လေးကို ကြည့်နေတာကြာပြီ၊ ဘာတွေ စိတ်ညစ်နေလဲ ပြောပါဦး"

"ဟို...ဘာမှမဟုတ်ပါဘူး"

"အိမ်မှာ စိတ်ညစ်ပြီး ဒီကိုထွက်လာတာ။ ပန်းမြတ်လေးမှိုင်နေတာတွေ့တော့ ဦး ပို စိတ်ညစ်သွားတယ်"

"ရှင်..."

ဘာ ပြန်ပြောရမှန်းမသိ ပါးစပ် အဟောင်းသားနှင့် ဦးငြိမ်းဝေကိုကြည့်ရသည်မှာ သိပ်စိတ်ညစ်နေပုံပေါ်နေသည်။

"သမီး သက်စုကြောင့် အရမ်းစိတ်ညစ်ရတယ်ကွယ်"

ဦးငြိမ်းဝေမှာ ဆယ့်ခြောက်နှစ်ကျော်ကျော်

အရွယ်သမီးတစ်ယောက်ရှိတယ်လေ၊ တစ်ဦးတည်းသော သမီးမို့ဆိုးတာကိုလည်း ပန်းမြတ်လေး သိပါသည်။

"သက်စု ဘာပြုလို့လဲ ဆရာ"

"သက်စု သိပ်မိုက်တယ်၊ ဦးတို့ သဘောမတူတဲ့ ကောင်လေး တစ်ယောက်နဲ့ သိပ်အရောဝင်နေတယ်"

"ဟင်…"

"ဟုတ်တယ် ပန်းမြတ်လေးရယ်၊ သူ့အမေက မမာရတဲ့ ကြားထဲ သက်စုက မလိမ်မာတော့ ပိုပြီးစိတ်ညစ်ရတယ်၊ သက်စုကို ထိန်းရတာ မလွယ်ဘူး"

ဦးငြိမ်းဝေက စိတ်ပျက်လက်ပျက်ကြီး ပြောနေသည်။ ဦးငြိမ်းဝေရဲ့ဇနီး ဒေါ်အမာက နှလုံးရောဂါသည်ဆိုတာ ပန်းမြတ်လေးတို့ သိပြီးသားပါ။

"ပန်းမြတ်လေးကို ခင်ပြီးသားပဲ၊ ဦး မရှက်ဘဲ ပြောရမယ်ဆိုရင် သက်စုအကြောင်း ပြောပြချင်တယ်"

ဦးငြိမ်းဝေက စိတ်ပျက်လက်ပျက် ရှိဟန်နှင့် ပြောနေသည်။ ဦးငြိမ်းဝေအပေါ် စာနာ၊ နားလည်စိတ်လေး ဖြစ်သွားသည်။

"ဟုတ်ကဲ့ ပြောပါဦး"

"သက်စု ခုတလော သိပ်ဆိုးနေတယ်၊ ကောင်လေးတစ်ယောက်နဲ့ သိပ်အရောဝင်နေတယ်၊ အဲဒီ ကောင်လေးကြည့်ရတာ လမ်းသူရဲပုံစံလေးပဲ၊ ဦး လုံးဝကြည့်မရလို့ပြောပေမယ့် သက်စုက ခေါင်းမာတယ်"

ပန်းမြတ်လေးက ဦးငြိမ်းဝေရဲ့ စကားကို စိတ်ရှည်လက်ရှည် နားထောင်နေသည်။

"ကျောင်းပိတ်ရက် ဖြစ်နေတော့ အားနေပြီး သက်စုလည်းပတ်ဖို့ အချိန်သိပ်ရနေတယ်၊ အမေ နေမကောင်းတာကို အခွင့်အရေးယူပြီး သူက

အိမ်ကနေ လစ်လစ်ထွက်နေတယ်ကွယ်”

“ပန်းမြတ်လေးဆီမှာ ဦး အကူအညီ တစ်ခုတောင်းချင်တယ်၊ ပေးနိုင်မလား ဟင်”

မျှော်လင့်တကြီးနှင့် ဦးငြိမ်းဝေက ပန်းမြတ်လေးကို ကြည့်လိုက်သည်။ ပန်းမြတ်လေးက သူပြောသည့် စကားတွေကို သိပ်စိတ်ဝင်စားနေပါပြီ။

“ဟုတ်ကဲ့ ပြောပါဦး”

“နွေ ကျောင်းပိတ်ရက်မှာ သက်စုကို တစ်နေရာကို ခေါ်သွားပေးပါလား၊ ဒီရုံးကိစ္စတွေကို ထားခဲ့လိုက်ပါ၊ ဦး ကြည့်ပြီး စီစဉ်ပေးပါ့မယ်”

“ပန်းမြတ် ဘယ်ကိုခေါ်သွားပေးရမလဲ ပြောပါဦး”

“ဦး စီစဉ်ပေးမယ်၊ ကလောမြို့ကို ခေါ်သွားစေချင်တယ် အဲဒီမှာပန်းမြတ်လေးကို ကိစ္စတစ်ခုလဲ ဦးစုံစမ်းခိုင်းချင်လို့ပါ”

“ဟုတ်ကဲ့ပါ ဦး”

“အခုလို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ပန်းမြတ်လေးရဲ့ လစာကို အပြည့်ပေးပါ့မယ်၊ ပြီးတော့ ခရီးသွားဖို့အတွက်ရော၊ သက်စုကို တာဝန်ယူတဲ့အတွက်ပါ ဦးက ထပ်ပြီး ချီးမြှင့်ပါဦးမယ်”

ပျော်စရာကြီးပါလားလို့ ပန်းမြတ်လေး တွေးလိုက်သည်။ အလုပ်မလုပ်ရဘဲ လခရမည်။ ပြီးတော့ ငွေကုန်ကြေးကျခြင်း မရှိဘဲ ခရီးသွားရသည်။ ပြီးတော့ ထိုခရီးစဉ်အတွက် ငွေလည်းရဦးမည်ဆိုတော့ အတိုင်းထက် အလွန်ပါပဲ။

“ပန်းမြတ်လေး ကျေနပ်ပါတယ်နော်”

“ဟုတ်ကဲ့ပါ ဦး၊ ပန်းမြတ်တတ်နိုင်တဲ့ဘက်က ဦးကို ကူညီဖို့ အသင့်ပါပဲ”

“ကောင်းပြီ၊ ဒါဆို အမြန်ဆုံး စီစဉ်ပေးမယ်၊ ပန်းမြတ်လေးကို အစီအစဉ်

အားလုံး ပြောလိုက်မယ်နော်”

“ဟုတ်ကဲ့ပါ ဦး”

♥ ♥ ♥

## (၂)

ဦးငြိမ်းဝေက သက်စုနှင့် ပန်းမြတ်လေးကို ကားဖြင့် ကလောမြို့သို့ ပို့ပေးခဲ့သည်။ သူတည်းခိုခိုင်းသော အိမ်တိုင်ယာရောက် သူ့ကားဒရိုင်ဘာနှင့် ပို့ပေးပြီးမှ ပြန်သွားသည်။

ကလောမြို့သို့ ပန်းမြတ်လေး ရောက်ခဲ့ရပါပြီပေါ့။ ကျယ်ဝန်းသော ခြံထဲမှ တစ်ထပ်တိုက် ပြားပြားလေးမှာ ပန်းမြတ်လေးတို့ တည်းခိုခွင့်ရသည်။ ဤသည်ကိုလည်း ဦးငြိမ်းဝေကပဲ စီစဉ်ပေးခဲ့ခြင်းပါ။

မိသားစု သုံးယောက်ရှိသော ဦးမိုးမြင့် ဒေါ်စန္ဒာတို့အိမ်မှာ တည်းခိုရသည်။ သူတို့တွင် မင်းသူဆိုသော သားတစ်ယောက်သာ ရှိသည်။ ဒေါ်စန္ဒာက ပျူပျူငှာငှာ ကြိုဆိုသည်။

ပန်းမြတ်လေးနှင့် သက်စုအတွက် အိပ်ခန်းကျယ်ကျယ် တစ်ခုကို စီစဉ်ပေးသည်။

“ဒီမှာ ဘာမှ အားမနာနဲ့နော် လိုတာရှိပြောပါ ဒေါ်ဒေါ်တို့နဲ့ ဦးငြိမ်းဝေက ဆွေမျိုးသားချင်းလို ရင်းနှီးခဲ့ကြတာကွယ့်”

“ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ဒေါ်ဒေါ်”

“ကဲ…ခရီးပန်းလာကြတယ် နားနားနေနေ နေကြဦး စားသောက်ဖို့ ဒေါ်ဒေါ် စီစဉ်ထားမယ်နော်”

“ဟုတ်ကဲ့ပါ”

ဒေါ်စန္ဒာက ပြုံးပြုံးရယ်ရယ် နှုတ်ဆက်ပြီး တံခါးကို ပိတ်ပေးထားခဲ့သည်။ ပန်းမြတ်လေးကသာ ကျေးဇူးတင်ကြောင်း ထပ်တလဲလဲ ပြောနေပေမယ့် သက်စုက သုန်သုန်မှုန်မှုန် မျက်နှာနှင့် နှုတ်ပိတ်နေသည်။

ဖခင်ဦးငြိမ်းဝေကို သက်စုက မကျေမနပ် ဖြစ်နေသည်။ သူမ မလာချင်သော နေရာဆီသို့ ဖခင်က ဇွတ်ပို့ခဲ့သည်လေ။ ပန်းမြတ်လေးကိုပင် စကား ဟက်ဟက်ပက်ပက် မပြောတော့ပါ။

“သက်စု ရေမိုးချိုးပြီး နားလိုက်ပါလား”

“ရတယ်၊ ဒီအတိုင်းပဲ နားတော့မယ်”

“ဒါဆို မမပန်းမြတ် ရေချိုးလိုက်ဦးမယ် ဟုတ်လား”

“ချိုးလေ”

ယခင်က ခင်မင်ရင်းနှီး ဖက်လဲတကင်း ရှိလှတဲ့ ပန်းမြတ်လေးကိုပါ သူက တည်တည်ကြီး ဆက်ဆံနေသည်။ သက်စု စိတ်ဆိုးနေမှန်း သိလျက်နှင့် ပန်းမြတ်လေး မသိလိုက် မသိဘာသာ နေလိုက်သည်။

အိပ်ခန်းနှင့် တွဲလျက်ရှိသော ရေချိုးခန်းကို ပန်းမြတ်လေး ဝင်လိုက်သည်။ ရေကို ခပ်မြန်မြန်လေး ချိုးသည်။ အဝတ်အစားများလဲပြီး ခုတင်ပေါ်တွင် အညောင်းဖြေသည်။ တစ်ဘက်ခုတင်ပေါ်ရှိ သက်စုဆီသို့ အကြည့်လေးမသိမသာ ရွေ့လိုက်သည်။ သုန်မှုန်စူပုတ်နေတဲ့ အလိုမကျ မျက်နှာလေးကို တွေ့လိုက်ရသည်။

ဖခင်အပေါ်မှာ သက်စု စိတ်ကောက်မပြေသေးပါ။ သိပ်ခင်သော ပန်းမြတ်လေးကိုတောင် ရင်ဖွင့်ဖော်မရသေး။ ခါတိုင်းဆိုလျှင် အိမ်မှာမကျေနပ်လျှင် ပန်းမြတ်လေးရဲ့ ရုံးခန်းကို ရောက်ရောက်လာပြီး၊ မကျေမနပ်ချက်တွေကို ရင်ဖွင့်စမြဲ

မဟုတ်လား။

သူ့ စိတ်ထဲမှာ မကျေနပ်မှုတွေ တော်တော်ကြီးအစိုင်အခဲဖြစ်နေပုံ ပေါ်သည်လို့ ပန်းမြတ်လေး တွေးမိသည်။ ပန်းမြတ်လေး နားထဲတွင် ဦးငြိမ်းဝေ မှာကြားစေခိုင်းလိုက်သော အကြောင်းများ ဝင်လာသည်။

စပ်ခွန်ထက်ဆိုသော သူကို ပန်းမြတ်လေး တွေ့ဆုံရမည်။ စပ်ခွန်ထက် ဆိုတာ ဘယ်အရွယ်လဲ၊ ဘယ်လိုရုပ်ရည်မျိုးကို ပိုင်ဆိုင်သလဲ၊ မာနအလွန်ကြီးသည် ဆိုတာကိုတော့ ဦးငြိမ်းဝေထံမှ သိရှိပြီးနေပြီ။

ဦးငြိမ်းဝေထံမှ စပ်ခွန်ထက်ရဲ့ အကြောင်းတစ်ချို့ကို သိခဲ့ရသည်။ ထိုနာမည်ကို ကြားလိုက်စဉ်တည်းက ပန်းမြတ်လေး သူ့ကို စိတ်ဝင်စားမိသည်။ ထိုသူနှင့်လည်း လွန်စွာမှ တွေ့ဆုံချင်ပါသည်။

ဦးငြိမ်းဝေသိပ်စိတ်ဝင်စားသော စပ်ခွန်ထက်ကို ပန်းမြတ်လေးလည်း စိတ်ဝင်စားရမည်သာ။

ဦးငြိမ်းဝေပြောပြချက်အရ၊ စပ်ခွန်ထက်ရဲ့ ခြံနှင့် မိမိတို့ ခုတည်းနေသော ခြံသည် ကက်လျက်လို့ ဆိုထားသည်။

သည်ခြံထဲသို့ ဝင်လိုက်စဉ် ခိုက်မှာ၊ ဘေးဘက်သို့ မျက်လုံးကစား ကြည့်သော်လည်း ဘယ်သို့သော အဆောက်အအုံကိုမျှ ပန်းမြတ်လေး မြင်တွေ့ခဲ့ခြင်း မရှိပါလား။

“ဒါဆို၊ စပ်ခွန်ထက်ရဲ့ အိမ် ဒီဘေးခြံမှာရှိတယ်ဆိုတာ ဟုတ်ရဲ့လား၊ ဦးက မှားပြီးများ ပြောလိုက်လေသလား”

ပန်းမြတ်လေးက တွေးရင်းနှင့် စိတ်ထဲမှာ စီမံကိန်းအကွက်တွေ ချနေသည်။ အိမ်ရှင် ဒေါ်စန္ဒာကို မသိမသာတီးခေါက်ကြည့်မှပဲလို့ စိတ်ကူးလိုက်သည်။

ဒေါ်စန္ဒာ အခန်းထဲကို ဝင်လာသည်။ ပန်းမြတ်လေး လှဲနေရာမှ ထ,ထိုင်လိုက်သည်။

"ကလေးတို့ကို ထမင်း စားရအောင် လာခေါ်တာ ဒေါ်ဒေါ် အားလုံး ပြင်ဆင်ပြီးနေပါပြီ"

"ဩော်...ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်"

ဒေါ်စန္ဒာရဲ့ နောက်သို့ ပန်းမြတ်လေးနှင့် သက်စုတို့ လိုက်ခဲ့သည်။

ဖွယ်ဖွယ် လျောလျော ရှိသော ထမင်းပွဲကို ဒေါ်စန္ဒာက ပြင်ဆင်ခင်းကျင်းထားသည်။

"စားကြနော်...ကလေးတို့၊ ဘာမှ အားမနာနဲ့ ဦးငြိမ်းဝေက ဦးတို့နဲ့ သိပ်ပြီး ရင်းနှီးတာကွယ့်၊ ဒီအိမ်မှာ ဘာမှ အားနာစရာ မရှိဘူး"

ဦးမိုးမြင့်က ဖော်ဖော် ရွေရွေနှင့် ပြောနေသည်။

ခုချိန်ထိ သူတို့ရဲ့သား မင်းသူကို ပန်းမြတ်လေးတို့ တွေ့ရှိရခြင်း မရှိသေးပါ။ သက်စုက စိတ်ကောက်နည်းနည်း ပြေလာပုံရသည်။ ထမင်းကို မြိန်ယှက်စွာ စားနေသည်။

"သက်စုလေးကို ငယ်ငယ်ကသာ မြင်ဖူးတာ၊ အခုလောက်ကြီးလာတာကိုး အံ့ရော"

ဒေါ်စန္ဒာက သက်စုကိုကြည့်ပြီး၊ ရယ်ရွှမ်းပတ်ရွှမ်းနှင့်ပြောသည်။

"ကလေး ဒီမှာ ပျော်ပျော်နေနော်၊ လိုအပ်တာ ဒေါ်ဒေါ့်ကို ပြောနော်၊ ဘာအတွက်မှ စိတ်အနှောင့်အယှက် မဖြစ်နဲ့နော်"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်"

ပန်းမြတ်လေးက စပ်စုခြင်း အလုပ်ရဲ့ ပထမဦးဆုံးခြေလှမ်းကို

လှမ်းလိုက်သည်။

“ဒေါ်ဒေါ် ဒီခြံနဲ့ ကပ်လျက်က ခြံကျယ်ကြီးက လူရော နေလို့လား”

“နေပါပြီကော ကလေးရယ်၊ သစ်ပင်တွေ အုံ့ဆိုင်းနေတော့ သူတို့အိမ်ကို မတွေ့ရဘူးလေ”

“အိမ်ကလဲ သေးသေးပဲ ထင်တယ်နော်”

ပန်းမြတ်လေးက သွေးတိုး သွေးစမ်းသဘောနှင့် မေးလိုက်သည်။ ဒေါ်စန္ဒာက နှစ်နှစ်ခြိုက်ခြိုက် အားပါးတရပင် ရယ်လေသည်။

“အမလေး ကလေးရယ်၊ သူတို့အိမ်ကို ငယ်တယ် ပြောရင် ဒေါ်ဒေါ့် အိမ်ကို ဇီးရွက်လောက်နဲ့ပဲ နှိုင်းရတော့မယ်”

“ဟင်…အိမ်ကြီးက အကြီးကြီးလား ဟင်”

“ကြီးတာမှ မပြောနဲ့၊ ဟော်ကြီးတမျှပဲပေ့ါ၊ နှစ်ထပ်ရေးတိုက်ကြီးပေ့ါ၊ ဆောက်ထားတဲ့လက်ရာက ရှေးတုန်က အနုပညာ ဆန်ဆန်ပဲပေ့ါကွယ်”

“ဟုတ်လား”

“အဲ့ဒီခြံကြီးက ရွာလေး တစ်ရွာ လိုတောင်ဖြစ်နေတယ်၊ ခြံစိုက်တဲ့ အလုပ်သမားတွေလဲ အဲဒီ ခြံကြီးထဲမှာ နေကြတာပေ့ါ”

“သြော်…”

“အိမ်ကြီးကသာ ကြီးတာ၊ အဲဒီ အိမ်ကြီးထဲမှာ နေတာ သားအမိ နှစ်ယောက်တည်းလေ၊ စပ်ခွန်ထက်နဲ့ သူ့အမေ ဒေါ်သီရိတို့ပေ့ါ”

“ဟင်…မိသားစုက ဒါပဲလား”

ပန်းမြတ်လေးက တအံ့တသြနှင့်မေးသည်။

“အခြွေတွေ အရံတွေတော့ အများကြီးပေ့ါကွယ်၊ ဒေါ်သီရိက ဒီသား

တစ်ယောက်တည်း ရှိတာလေ”

“မြေးတွေရော မရှိဘူးလား”

ဒေါ်စန္ဒာ ပန်းမြတ်လေးစကားကို ပြုံးလိုက်သည်။

“စပ်ခွန်ထက်က လူပျိုကြီးကွယ့်”

“အင်း…ဒါကြောင့် လူခွစာကြီးဖြစ်နေမှာပေါ့လို့ ပန်းမြတ်လေး တွေးလိုက်သည်။ မျက်ဝန်းထဲမှာလည်း အသက်ငါးဆယ်ကျော် အရွယ် ထိပ်ပြောင်ပြောင် ဗိုက်ပူပူနှင့်ဝဝတုတ်တုတ် သူဌေးတစ်ယောက်ရဲ့ ပုံစံမျိုးကို မြင်လိုက်သည်”

ပြီးတော့ တွေးလိုက်ပါသည်။ ချမ်းသာကြွယ်ဝသော စပ်ခွန်ထက်သည် ယခုအချိန်ထိ လူပျိုကြီး ဖြစ်ခဲ့ရတာ ရုပ်ဆိုးလို့ပဲ နေမှာလို့သာ။

စားသောက်စကားပြောဆိုပြီး ခြံထဲသို့ လေ့လာဖို့ ပန်းမြတ်လေးနှင့် သက်စု ဆင်းလာခဲ့သည်။ သက်စု စိတ်တော်တော်လေး ပြောသွားပုံရသည်။

“မမ ပန်းမြတ်”

“ဘာလဲဟင်…သက်စု”

အသက်ဆယ့်ခုနှစ်နှစ်အရွယ် သက်စုက အရပ် ရှည်ရှည်သွယ်သွယ်လျလျ မျက်နှာလေးက နုဖတ် စိုပြည်နေသည်။ သူ့ထက် လေးနှစ်ခန့်ကြီးတဲ့ ပန်းမြတ်လေးအပေါ်မှာ ခင်မင် တွယ်တာသလို နွဲ့ဆိုးလည်း ဆိုးတတ်သည်။ ပန်းမြတ်လေးရဲ့ လက်မောင်းကို ဖက်တွယ်ထားသည်။

“ဖေဖေပြောတဲ့ စပ်ခွန်ထက်ဆိုတဲ့ လူကြီးပဲ နေမှာနော်…”

“ဟုတ်မှာပေါ့”

“အဲဒီ လူကြီးက ဂျစ်ကန်ကန် လူ့ခွစာကြီးလို့ ဖေဖေက ပြောတယ်နော်”

"အင်း…"

"ဒါဆို ဖြစ်ပ့ါမလား၊ တော်ကြာ မမပန်းမြတ်နဲ့ ပြဿနာတက်နေဦးမယ်"

"ဦး စုံစမ်းခိုင်းတာကိုတော့ ရအောင် စုံစမ်းကြည့်ရမှာပဲ သက်စုရဲ့"

"ကြည့်လဲလုပ်ဦး၊ တော်ကြာ ပြေးပေါက် မှားနေဦးမယ်"

"အဲဒါတွေ မမပန်းမြတ် တာဝန်ထားစမ်းပါကွယ်"

"ဒါနဲ့ သက်စုကို ပြောရဦးမယ်၊ ဦးအပေါ်မှာ အမုန်းမထားပါနဲ့ကွယ်၊ သက်စုကို လိမ္မာစေချင်လို့ ဦးကစီစဉ်ခဲ့တာပါ"

"ဖေဖေက သက်သက် ဘိုဘိုကို ကြည့်မရတာ ပါ။ ဘိုဘိုက လူကောင်းလေးပါ၊ ငြိသွားတော့လဲ ဘိုဘိုက ဘယ်လောက် ရုပ်ချောသလဲ"

ဆယ်ကျော်သက်အရွယ် မြီးကောင် ပေါက်မလေးရဲ့ ပေ့ါပျက်ပျက်စကားက ပန်းမြတ်လေးရဲ့ ရင်ကို ထိတ်ခနဲ ခုန်စေလိုက်သည်။

သက်စုက မိဘတွေ အလိုလိုက်ထား၍ ပေ့ါပေ့ါနေ ပေ့ါပေ့ါတွေးတောနေပါရောလား။ လမ်းသူရဲဆန်နေတဲ့ ဘိုဘိုကို ချစ်ရဲသည့်သတ္တိတွေ ရှိနေပါပေ့ါလား။

ပန်းမြတ်လေးက သက်စုကို ဘာစကားမှ ခွန်းတုံ့မပြန်ဘဲ နေလိုက်သည်။ သက်စုကို တဖြည်းဖြည်းချင်း လိုချင်သည့်ပုံစံရအောင် သိမ်းသွင်းဖို့ စိတ်ကူးလိုက်သည်။ ခြံထဲက ပန်းပင် ကလေးတွေကို ကြည့်ရင်း လျှောက်ခဲ့သည်။

ပန်းမြတ်လေးရဲ့ ခြေလှမ်းတွေက တစ်ဘက်ခြံနားဆီသို့ ရွေ့လျားတိုးကပ်နေသည်။

"သက်စု သြောင်းပြီ၊ အခန်းပြန်ချင်တယ်"

"ဒါဆို ပြန်နှင့်လေ"

“ဟင်း…မမပန်းမြတ်က လမ်းလျှောက် ဦးမှာလား”

“အင်း…လျှောက်ဦးမယ်”

“ဒါဆို သက်စု သွားမယ်”

ပန်းမြတ်လေးအပါးက သွက်လက်သောခြေလှမ်းတွေနှင့် သက်စုက ထွက်သွားသည်။ ပန်းမြတ်လေးတစ်ဘက်ခြံဆီသို့ လျှောက်ခဲ့သည်။ စည်းရိုးခတ်ထားခြင်းမရှိ။ သစ်ပင်များနှင့်သာ ပိုင်းခြားထားသော တစ်ဘက်ခြံစပ်သို့ ရောက်သွားသည်။

ခြံထဲသို့ လှမ်းကြည့်လိုက်သည်။ မှောင်ရီပြိုးပျ အလင်းရောင်အောက်မှာ ခြံက စိမ်းညို့မဲမှောင်နေသည်။ ဆက်လက် လှမ်းလိုသော ခြေလှမ်းတွေကို ပြန်ရုပ်သိမ်းလိုက်သည်။

နံနက်စောစောမှာ ထိုခြံထဲသို့ တိတ်တဆိတ်ဝင်ကြည့်လိုက်သည်။ တည်းခိုရာအိမ်ဆီသို့ ပြန်ခဲ့သည်။ ဝတ္ထုဖတ်နေသော သက်စုကိုတွေ့ရသည်။ ပန်းမြတ်လေး အိပ်ရာသို့ ဝင်လိုက်သည်။

♥ ♥ ♥

## (၃)

နံနက်စောစော ပန်းမြတ်လေး အိပ်ရာက ထသည်။ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး အနွေးထည်လေး ထပ်ဝတ်ပြီး ခြံထဲသို့ ဆင်းခဲ့သည်။ အေးစိမ့်နေသော လေက ဆီးကြိုပုတ်ဖျန်းလိုက်၍ ကျောထဲစိမ့်ပြီး ချမ်းသွားသည်။

ကျေးငှက်လေးတွေရဲ့ နံနက်ခင်း တေးသံ၊ ပန်းမာလာလေးတွေထဲမှာ ထုံသင်းကြည်မွှေ့တဲ့ ပန်းရနံ့တို့ဖြင့် ထုံမွှန်းသာယာ စိုပြေနေသော ခြံထဲမှာ

တစ်ယောက်တည်း လမ်းလျှောက်နေသည်။

ပန်းမြတ်လေးရဲ့ စိတ်အာရုံက တစ်ဘက်ခြံဆီသို့ ရောက်နေသည်။ ခြေလှမ်းတွေကလည်း သွက်နေ၍ စောစောက ချမ်းစိမ့်စိမ့် ဖြစ်နေတာတောင်ပျောက်သွားသည်။ နဖူးပေါ်မှာ ချွေးဥလေးတွေပင် သီးလာသည်။ ကိုယ်ပေါ်က ဆွယ်တာအင်္ကျီကိုချွတ်လိုက်သည်။ ပြီး…သွက်လက်သော ခြေလှမ်းတွေက ဆက်ပြီး လှမ်းနေသည်။ နယ်နမိတ် သတ်မှတ်ထားသော ခြံစည်းရိုးနား ရောက်ခဲ့သည်။

တစ်ဘက်ခြံသို့ ဝေ့ဝဲကြည့်လိုက်သည်။ ကျေးငှက်လေးတွေရဲ့ လှုပ်ရှားအော်မြည်သံက လွှဲ၍ ခြံကြီးက တိတ်ဆိတ်နေသည်။ ထိုတိတ်ဆိတ်မှုက- ပန်းမြတ်လေးကို ခြံတွင်းသို့ လှမ်းဝင်ရန် ဖိတ်ခေါ်သကဲ့သို့ ရှိနေသည်။

ပန်းမြတ်လေး တစ်ဘက်ခြံသို့ ပထမဦးဆုံး မရဲတရဲ ခြေလှမ်း လှမ်းပြီး ခေတ္တရပ်ကာ ပတ်ဝန်းကျင်ကို လေ့လာ အကဲခတ်လိုက်ပြန်သည်။ ခြံထဲမှာ ကျေးငှက်လေးတွေသာ သက်ရှိအဖြစ် တွေ့ရှိရသည်။ ခြေလှမ်းတွေ ဂဏန်းအရေအတွက် တိုးလာသည်။

တဖြည်းဖြည်း သူတစ်ပါးရဲ့ ခြံကြီးထဲသို့ ပန်းမြတ်လေး ကျူးလွန်ဖောက်ထွင်းဝင်ခဲ့သည်။ တော်တော်လေး လျှောက်မိသည်အထိ အိမ်ကို မတွေ့ရသေးပါ၊ စားပင် သီးပင်များကို ဖြတ်ကျော်ရင်း လုံးဝ မထင်မှတ်ထားသော မြင်ကွင်းတစ်ခုကို တွေ့လိုက်ရသည်။

ပန်းမြတ်လေး တွေ့လိုက်ရသည်က သပ်ရပ် သားနားလှသည့် ရေကူးကန်ကြီး တစ်ခုပါ၊ ကန်ရဲ့ ပေါင်ဘေးတစ်ဘက် တစ်ချက်မှာ ရောင်စုံထီး နှစ်လက်နှင့် သူတို့အောက်မှာ ခုံလေးတွေ ရှိနေသည်ကို တွေ့ရသည်။

"ဟာ…ရေကူးကန်ကြီးက ပျံ့နေတာပဲ၊ နိုင်ငံခြားစတိုင်လ် လုပ်ထားတာကိုး"

“ဝမ်းသာ အားရနှင့် ပန်းမြတ်လေး တစ်ယောက်တည်း အသံထွက်ပြီး ပြောမိသည်။ ရေကူးကန်ကို ကျော်လွန်ပြီး ကြည့်လိုက်သည်။ တော်တော်လေး လှမ်းသည့် အကွာအဝေးမှာ ကြီးမှာသော အိမ်ကြီးကို တွေ့ရသည်။

“ရေကူးကန်နဲ့ အိမ်ကလဲ အဝေးကြီး၊ ဘာသဘောနဲ့ ဒီလို ဆောက်ထားပါလိမ့်”

“ရှေ့ဆက် တိုးပြီး မသွားတော့ဘဲ ရေကူးကန်နားမှာပဲ ခြေလှမ်းတွေကို တန့်ထားလိုက်သည်။ ကန်ပေါင်နားဆီသို့သွားပြီး ကန်ထဲသို့ ငုံ့ကြည့်လိုက်သည်။ ပြုပြင်ထိန်းသိမ်းထားသည့် ကန်တစ်ခုရဲ့ လက္ခဏာကို တွေ့ရှိရသည်”

“ဒီကန်ကြီးမှာ ရေကူးရရင် ကောင်းမှာပဲ”

ကန်ပေါင်မှာ ခဏထိုင်ပြီး ပတ်ဝန်းကျင်ကိုဝေ့ကြည့်နေသည်။ နံနက် အာရုံလင်းလက်သည့် အရောင်အောက်မှာ မြင်မြင်သမျှ အရာအားလုံး သစ်လွင် လန်းဆန်းနေသည်။

သာယာလှတဲ့နေရာက မခွာချင်ဘဲ ပန်းမြတ်လေး ခွာခဲ့ရသည်။ နောက်ကြောင်း ပြန်လှည့်ပြီး ထွက်ခဲ့သည်။ သည်ခြံထဲသို့ ရောက်ခဲ့ပြီး၊ တွေ့မြင်ရသည့် အကြောင်းများကို ဘယ်သူ့ကိုမှ ပြန်ပြောပြဖို့ မရည်ရွယ်ပါ၊ သက်စုကိုပင် အသိမပေးဘဲ၊ လျှို့ဝှက်ထားဖို့ ဆုံးဖြတ်လိုက်သည်။

အိမ်သားတွေ မနိုးခင်မှာဘဲ ပန်းမြတ်လေး အိမ်ထဲပြန်ဝင်ခဲ့သည်။ တစ်သက် ခုတင်မှာ သက်စု နှစ်ခြိုက်စွာ အိပ်ပျော်နေသည်ကို တွေ့ရသည်။ နေမြင့်မှ ထတတ်သော သက်စုရဲ့ အကျင့်ဆိုတာ ပန်းမြတ်လေး သိပြီးသားပါပဲ။

မိုးစင်စင်လင်းအောင် အခန်းထဲမှာ စောင့်ဆိုင်းနေသည်။ ဒေါ်စန္ဒာက နံနက်စာ စားဖို့ လာခေါ်သည်။ သည်တော့မှ သက်စုကို နှိုးလိုက်သည်။

“သက်စုရေ…ထတော့လေ နေမြင့်နေပြီ”

သက်စုကို ပုတ်နိုးလိုက်သည်။ တအင်းအင်း တအဲအဲငြီးရင်း သက်စု အိပ်ရာက ထသည်။

"အစောကြီး ရှိသေးတယ်၊ မမ ပန်းမြတ်ကလဲ"

"မစောတော့ဘူး၊ ဒေါ်ဒေါ်က နံနက်စာ စားဖို့တောင်လာခေါ်နေပြီ၊ ထမြန်မြန် မျက်နှာသစ်"

အတင်း ဆွဲထူတော့မှ သက်စုက ခိုးခိုးခစ်ခစ် ရယ်ပြီး အိပ်ရာ ထသည်။ ဒေါ်စန္ဒာ စီစဉ်ပေးသော လက်ဆတ်သော ကော်ဖီစေ့များကို ကြိတ်ပြီး ဖျော်ထားသော ကော်ဖီ မွှေးမွှေး ခေါပုတ်ကျော်တို့ကို စားသောက်သည်။

စားသောက်ပြီး ဈေးထဲ လျှောက်ကြည့်ရင် ကြည့်ပါလား"

"ဟုတ်ကဲ့...ဒေါ်ဒေါ်"

ဒေါ်စန္ဒာက သူတို့နှစ်ယောက်ကို ဈေးသို့ခေါ်သွားသည်။ မြို့စွန်မြို့ဖျားမှာနေ၍ မြို့ထဲသို့ သူတို့အိမ်ကကားနှင့်ပင် သွားရသည်။ သက်စုက သူလိုချင်သည့်တိုတိုထွာထွာ ပစ္စည်းလေးများကို ဝယ်သည်။

ဈေးက ပြန်လာတော့ မန္တလေးသို့ သွားနေသော ဒေါ်စန္ဒာတို့ရဲ့သား မင်းသူပြန်ရောက်နေသည်။

"ဟယ်...သားတောင် ပြန်ရောက်နေပြီကိုး"

"ဟုတ်တယ် အမေ၊ ကျွန်တော့်သူငယ်ချင်း ကျော်လွင်လဲ ပါလာတယ်"

မင်းသူက ဖြေရင်း သူ့အမေရဲ့အပါးမှ ပါလာသော မိန်းမချော နှစ်ယောက်ကို ကြည့်လိုက်သည်။

"ဒီမှာလေ၊ အမေတို့ အိမ်ကိုရောက်တဲ့ ရန်ကုန်က ဧည့်သည်တွေလေ"

"ဩော်...ဟုတ်လား"

“အမေတို့ရဲ့ မိတ်ဆွေဟောင်းကြီး ဦးငြိမ်းဝေရဲ့သမီး သက်စုနဲ့ သူရဲ့ အတွင်းရေးမှူးမလေး ပန်းမြတ်လေးလေ”

သားနှင့် ပန်းမြတ်လေးတို့နှစ်ယောက်ကို ဒေါ်စန္ဒာက မိတ်ဆက်ပေးသည်။

“ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်တို့ အိမ်မှာ အားမနာပါနဲ့နော်၊ စိတ်ချမ်းသာသလို နေနိုင်ပါတယ်”

မင်းသူက ရည်မွန်သောလူငယ်တစ်ယောက်ဖြစ်သည်နှင့်အညီ ဖော်ရွေယဉ်ကျေးစွာပြောသည်။ ပြီးတော့ သူရဲ့ သူငယ်ချင်း ကျော်လွင်နှင့် မိတ်ဆက်ပေးသည်။

“ဒါ…ကျွန်တော့် သူငယ်ချင်း ကျော်လွင်ပါ၊ ကျွန်တော့်ဆီကို လိုက်လည်တာပါ”

တော်တော်ချောသည့် ကျော်လွင်ရဲ့ မျက်ဝန်းတွေက သက်စုဆီသို့ ပြုံးချိုစွာ ရွှေ့လျားတည်တံ့နေသည်၊ သက်စုကလည်း ကျော်လွင်ကို မကြာခဏ လှမ်းလှမ်းကြည့်နေတာ ပန်းမြတ်လေး သတိထားမိသည်။

ကျော်လွင်ရော မင်းသူပါ ပန်းမြတ်လေးနှင့် အသက်ရွယ်တူလောက် ရှိမည်လို့ ပန်းမြတ်လေးက တွက်ထင်လိုက်သည်။

မင်းသူရဲ့ မျက်ဝန်းတွေက ရိုးသားသလောက် ကျော်လွင်ရဲ့ မျက်ဝန်းထဲမှာ မရိုးသား မစင်ကြယ်သောအကြည့်များကို တွေ့ရသည်။

ခေတ်လူငယ်တွေပီပီ တစ်မနက်ခင်းတည်းမှာပင် မင်းသူ ကျော်လွင်နှင့် သက်စုတို့ ရင်းနှီးခင်မင်သွားကြသည်။

“အတော်ပဲ သက်စု ပျင်းနေတာ၊ ကိုမင်းသူတို့ အဖော်ရပြီမို့ သက်စု လျှောက်လည်ရတော့မှာပေါ့”

စောစောက ပျင်းရိခြောက်သွေ့စရာ ဖြစ်ခဲ့သော သည်အိမ်ကြီးမှာ အပျင်းပြေစရာတွေကို သက်စုတွေ့မြင်နေပါပြီ။

♥ ♥ ♥

# (၄)

ညအိပ်ရာထဲဝင်ပြီး ပန်းမြတ်လေးတော်တော်နှင့် အိပ်မပျော်သေးပါ။ ပန်းမြတ်လေးကို တစ်ဘက်ခြံက ဖမ်းစားဆွဲဆောင်နေသည်။ ရေကူးကန်ကြီးမှာ သွားပြီး ရေကူးချင်စိတ်တွေ အားမရအောင် ဖြစ်နေသည်။

စပ်ခွန်ထက်ရဲ့ ခြံကြီးထဲသို့ ကျူးကျော်ဝင်ချင်စိတ်တွေ တားဆီးမရအောင် ဖြစ်နေသည်။ သူမ ကျူးကျော်ဝင်ရောက်သည်ကို စပ်ခွန်ထက် သိမှာကိုလည်း လိုလိုလားလား ရှိမိသည်။

ဘာကြောင့်လဲဆိုတော့ စပ်ခွန်ထက်နှင့် မတော်တဆတွေ့ကြုံခွင့်မရလျှင် တမင်တွေ့ကြုံခွင့်ရအောင် သူမက ကြိုးစားရမည် မဟုတ်လား။ စိတ်ထဲမှာ အကွက်ချပြီး စီစဉ်ထားပြီး အိပ်ပျော်အောင် ကြိုးစားလိုက်သည်။

နံနက်စောစော ရောင်နီပျို့ချိန်မှာ အိပ်ခန်းထဲမှာ ပန်းမြတ်လေး အလုပ်ရှုပ်နေသည်။ ရေကူးဝတ်စုံအနီကို ထုတ်သည်။ ကိုယ်ပေါ်မှာ ဝတ်ဆင်သည်။ ပြီးတော့ အပေါ်က အင်္ကျီနှင့် လုံချည်ထပ်ဝတ်ပြီး အခန်းရဲ့ဘေးပေါက်ကနေ ခြံထဲသို့ ဆင်းခဲ့သည်။

အိပ်ခန်းဘေးမှာ ခြံထဲထွက်သည့် တံခါးပေါက်ရှိနေသည့်အတွက်၊ အပြင်သို့ လွတ်လွတ်လပ်လပ် ထွက်နိုင်ဖို့အခွင့်အရေးသာနေသည်။ တံခါးချပ်ကို ပြန်စေ့ထားခဲ့ပြီး ပန်းမြတ်လေး ခြေလှမ်း သွက်သွက်နှင့် တစ်ဘက်ခြံဆီသို့ လှမ်းခဲ့သည်။

အမှောင်အားတွေ များလာနေသေးသော ခြံထဲမှာ သတိဝီရိယနှင့် သွက်သွက်လျှောက်ခဲ့သည်။ မကြာခင်မှာပဲ နယ်နိမိတ်သတ်မှတ်ထားသော စည်းရိုးနားသို့ ရောက်သည်။ တစ်ဘက်ခြံကို ရဲတင်းစွာ ဝင်လိုက်သည်။

ရေကူးကန် ရှိနေသည့် နေရာကို သိပြီးမို့ ထိုနေရာသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။ ကန်ပေါင်ဆီသို့ ရောက်လာလေပြီ။

မြန်မြန်လျှောက်ရ၍ ဇောချွေးလေးတွေပင်ပျံလာသည်။ ကိုယ်ပေါ်က အဝတ်တွေခွာချသည်။ ရေကူးဝတ်စုံနီနီလေး အကာအကွယ်မဲ့သွားသည်။ နွေးနေသောရေထဲသို့ လျှောဆင်းဝင်လိုက်သည်။

နံနက်အရုဏ်လင်းချိန်မှာ ကန်ရေပြင်က နွေးထွေးနေသည်။ ပန်းမြတ်လေးရဲ့ ရင်ထဲမှာ ကြည့်နူး ဆွတ်ပျံ့သွားသည်။ သူတစ်ပါးရဲ့ပိုင်နက်ထဲ ကျူးကျော်မိသည့် အဖြစ်ကိုပင် မေ့သွားသည်။

စိတ်လွတ်ပေါ့ပါးစွာ ကန်ရေပြင်ထဲမှာ ကူးခတ်နေသည်။ ကန်ရဲ့အလျားလိုက် နှစ်ခေါက်ကူးပြီးတော့ မောသလိုလိုရှိလာသည်။ ခဏကန်ပေါင်မှာ ထိုင်ပြီး နားသည်။

ပန်းမြတ်လေးရဲ့ ပတ်ဝန်းကျင်မှာ အလင်းထုတွေပိုပြီး အားကောင်းလာသည်။ ပန်းမြတ်လေးက ပတ်ဝန်းကျင်ကို မေ့သွားသည်။ ကျူးကျော်လုပ်ကိုင်မိသော မိမိရဲ့လုပ်ရပ်ကိုလည်း မေ့သွားသည်။

ကန်ရေပြင်ထဲသို့ တစ်ခေါက် ပြန်ဆင်းပြီး ကူးခတ်နေသည်။ ကိုယ့်စိတ်ကူး ကိုယ့်အာရုံနှင့် လောကကြီးကို မေ့နေသလို ဖြစ်သွားသည်။ စိတ်လွတ်လက်လွတ် ကူးခတ်မိသည့်အသံကိုပင် သတိ မထားမိပါ။

တစ်စုံတစ်ယောက်ခြံထဲသို့ရောက်နေပြီး ကန်ရေပြင်ဆီမှ ရေသံက သူ့နားဆီသို့ တည့်တည့်ကြီးတိုးဝင်သွားသည်။

အရပ်မြင့်မြင့်၊ ပခုံးကျယ်ကျယ်၊ နက်မှောင်နေသော လှိုင်းတွန့်ဆံပင်တွေကို ပိုင်ဆိုင်ထားသောသူ့ရဲ့ ထူထူထည်းထည်း မျက်ခုံးနှစ်ဘက် ကြုတ်ဝင်သွားသည်။

လှမ်းနေသော ခြေလှမ်းတွေပင် ရပ်တန့်သွားသည်။ နားမလည် ထူးဆန်းသော အသံတစ်ခုကို သူ ကြားနေရသည်။ ရေကူးကန်မှာ ဘယ်သူကူးနေပြီလဲ။

ထိုသူက သွက်သွက်ကြီး ရေကူးကန်ဆီသို့ လှမ်းခဲ့သည်။ နုထွေးလန်းဆတ်သော နေမင်းကြီးရဲ့ နေခြည်သစ်လွင်အောက်မှာ နီစွေးစွေး အရာဝတ္ထုတစ်ခု၊ ကန်မျက်နှာပြင်မှာ ရုပ်တိုက်ရွေ့လျားနေသည်ကို တွေ့ရသည်။

သူ့ရဲ့ နက်မှောင်သော မျက်ဝန်းမှာ အံ့သြမှု၊ ရောင်ခြည်တွေ စွန်းထင်းသွားသည်။ ထိုလှုပ်ရှားနေသော နီနီရိပ်လေးကို နားမလည်နိုင်ပါ။ မပြေးရုံတမည် ကန်နားဆီသို့ ချဉ်းကပ်ခဲ့သည်။

ရေကူးကန်ထဲမှာ ငယ်ရွယ်နုပျိုသော မိန်းမလှတစ်ဦး ၊ စိတ်လွတ်လက်လွတ် ရေကူးနေသည်ပဲ။ မယုံကြည်နိုင်သော မျက်ဝန်းတွေကို အတန်ကြာ စူးစိုက်ကြည့်နေသည်။

ပြီးမှ ရာရာစစ ကျူးကျော်ဝင်ရောက်လာသူကို ဟန့်တားဖို့ သတိရသည်။ ကန်ပေါင်မှာ သွားရပ်ပြီး အတင့်ရဲလှသည့် မိန်းကလေးကို ဒေါသတကြီးနှင့် လှမ်းအော်သည်။

“ဟိတ်…ဒီမှာ”

ပျော်ပါး ပုံ့လွင့်နေသော ပန်းမြတ်လေးရဲ့ ရင်ထဲမှာ ထိတ်ခနဲ လှိုက်ခုန်သွားသည်။ လှုပ်ရှားမှုကြောင့် ရင်ခုန်နှုန်း မြန်ခဲ့သော နှလုံးသားလေး ရုတ်တရက် သွေးခုန်နှုန်းတွေ ရပ်သွားသလို ခံစားလိုက်ရသည်။ ရေနက်ပိုင်းကို ရောက်နေသည်ကို သတိမမူမိဘဲ ရေကူးခြင်းကို ရပ်ပြီး အသံလာရာဆီသို့ လှမ်းကြည့်သည်။

ခပ်လှမ်းလှမ်း ကန်ပေါင်မှာ မြင့်မားစွာ ရပ်နေသော ယောကျ်ားတစ်ယောက်ကို တွေ့ရသည်။ သည်တော့မှ ထိတ်လန့် တုန်လှုပ် စိတ်တွေ

ပန်းမြတ်လေးရဲ့ ရင်ထဲမှာ ပျံ့နှံ့ လွှမ်းမိုးသွားသည်။

ထိုသူ ရပ်နေရာ၊ ဆန့်ကျင်ဘက် ကန်ပေါင်ဆီသို့ အားသွန်ကူးလိုက်သည်။ ကန်ပေါင်ဆီသို့ အားသွန်ကူးလိုက်သည်။ ကန်ပေါင်ဆီသို့ ရောက်တော့ အလောတကြီး တွယ်တက်သည်။ ကန်ပေါင်မှ ရေညှိများကြောင့် ချော်လဲပြီး ကန်ပေါင်နှင့် ခေါင်း ဆောင့်မိသွားသည်။

ပန်းမြတ်လေးရဲ့ မျက်ဝန်းထဲမှာ ပြာဝေပြီး မှောင်အတိ ကျသွားသည်။ တစ်ကိုယ်လုံး ရေထဲသို့ လိမ့်ပြီးကျသွားသည်။

"ဟာ..."

ပန်းမြတ်လေးရဲ့ ဖြစ်အင်ကို မြင်ရပြီး အော်လိုက်သူက ပန်းမြတ်လေး ပြုတ်ကျသွားသော နေရာဆီသို့ တစ်ဟုတ်ထိုး ပြေးလာသည်။ ရေထဲသို့ ပန်းမြတ်လေး နှစ်မြုပ်သွားသည်ကို တွေ့ရပြီး စိုးရိမ်သွားသည်။

ပန်းမြတ်လေး နှစ်မြုပ်သွားရာ နေရာဆီသို့ ကန်ပေါင်မှ ခုန်ဆင်းပြီး ဝင်ခဲ့သည်။ ရေကူးကန်ရဲ့ ကြမ်းဆီသို့ ကျဆင်းနေသော ပန်းမြတ်လေးရဲ့ ကိုယ်ကို ပိုက်ယူပွေ့ဖမ်းလိုက်သည်။

ပျော့ခွေနေသော ခန္ဓာကိုယ်လေး သူ့ရဲ့သန်မာသော လက်မောင်းကြားသို့ ရောက်လာသည်။ ကန်ပေါင်ဆီသို့ ပွေ့တင်သည်။ သူလည်း ကန်ပေါင်သို့ တက်ခဲ့သည်။

မေ့မျောသတိလစ်နေသော မျက်နှာနုနုလေးကို ငုံ့ကြည့်ရင်း စိုးရိမ်သွားသည်။ အသက်မှ ရှူသေးရဲ့လားလို့ ထင်ရအောင် ပန်းမြတ်လေးရဲ့ အသက်ရှူသံကတိုး လျှနေသည်။

မို့မောက်နေသော ရင်အုံမှာ နားကိုကပ်ပြီး နားထောင်ကြည့်တော့ တိုးလျှစွာခုန်သော နှလုံးခုန်သံကို ကြားရသည်။ ပခုံးသာသာရှိသော ဆံပင်တွေကို

လှန်လှောပြီး ခေါင်းမှာ ထိခိုက်ဒဏ်ရာရှိမရှိ စစ်ဆေးကြည့်သည် ရှာမတွေ့ပါ။

ရေထဲနစ်သွားစဉ်မှာ အဆုတ်ထဲ ရေဝင်မည်ကို သိရှိနေလို့ ရေတွေ ပြန်အန်ထုတ်အောင် မှောက်ပြီး ကျောကုန်းကို ဖိလိုက်သည်။ ပန်းမြတ်လေးရဲ့ ပါးစပ်က ရေအနည်းငယ် ပြန်အန်ထွက်လာသည်။

“ဟိတ်…မိန်းကလေး၊ မိန်းကလေး”

ဖြူစင်မွတ်အိနေတဲ့ ပါးပြည့်ပြည့်လေးတွေကို ကိုင်ပြီး လှုပ်ခါ၍ သတိရအောင် ခေါ်ကြည့်သည်။

ပန်းသွေးရောင်ကြွနေသော နှုတ်ခမ်းနှစ်လွှာကြားမှ ညည်းသံသဲ့သဲ့ ထွက်လာသည်။ စိတ်သက်သာရတဲ့အရိပ် သူ့မျက်နှာချောချောမှာ ဖြတ်ပြေးသွားသည်။

“မိန်းကလေး သတိရပြီလား”

အဝေးကြီးက ခေါ်သံကိုကြားရသည်။ ထိုခေါ်သံနောက်သို့ ပန်းမြတ်လေး စိုက်စိုက်လိုက်ခဲ့သည်။ အနားကပ်၍ ခေါ်နေသော ပီပီသသ ခေါ်သံကိုကြားရသည်။ ထူထည်းသော မျက်တောင်ကော့တွေ ပါးပြင်ကို ထိကပ်နေရာမှ တဖြည်းဖြည်း ပင့်တက်လာသည်။

ငုံ့မိုး ကြည့်နေသော မျက်နှာတစ်ခုကို ဝေဝါးစွာတွေ့ရသည်။ အမြင်အာရုံကို စူးစိုက်ပြီး ကြည့်လိုက်တော့ချောမွေ့တည်ကြည်သော မျက်နှာတစ်ခု မျက်ဝန်းထဲသို့ ဝင်လာသည်။ ထိတ်လန့်မှုဖြင့် ပန်းမြတ်လေးရဲ့ မျက်ဝန်းတွေ ဝိုင်းစက်သွားသည်။

“မင်း သတိရပြီလား”

ဝေါက်ခနဲ ပက်လက်အနေအထား ထထိုင်ဖို့ ပန်းမြတ်လေး ကြိုးစားလိုက်သည်။ ခေါင်းက အခင်းကြမ်းပြင်ပေါ်က နည်းနည်းလေးသာ

မြောက်ပြီး ပြန်ကျသွားသည်။ သတိလက်လွတ် ဖြစ်မသွားပေမယ့် မူးဝေနောက်ကျိသော ဝေဒနာကို ခံစားလိုက်သည်။

"ဟိတ် အဲ့လိုကြီး မထနဲ့လေ၊ မင်းခေါင်းကိုထိထားတာ မဟုတ်လား"

အောင်မြင်ခံ့ညားသော အသံကိုပန်းမြတ်လေး ကြားလိုက်ရသည်။ သူမရဲ့ကိုယ်ကိုလည်း ပွေ့ယူထိန်းပေးထားသည့် အသိကိုလည်း ခံစားလိုက်ရသည်။

"မျက်စိမှိတ်ပြီး ခဏနေ အသက်ကို မှန်မှန်ရှူ"

သူစေခိုင်းသလို ပန်းမြတ်လေး လိုက်နာလိုက်သည်။ တဖြည်းဖြည်းခေါင်းထဲမှာကြည်လင်လာသည်။ သည်တော့မှ မျက်ဝန်းကိုပြည့်ပြည့်ဝဝ ဖွင့်လှစ်လိုက်သည်။

စူးရှစွာ ကြည့်နေသော မျက်ဝန်းတည်တည်ကြီးတွေနှင့် တည့်တည့် တိုးနေသည်။ ထိုအကြည့်ကြောင့် ပန်းမြတ်လေးရဲ့ ကိုယ်ကျုံ့ဝင်သွားသလို ခံစားလိုက်ရသည်။ အားပြင်းသော အကြည့်ကြောင့် ရင်ထဲမှာ တလှပ်လှပ် ခုန်လာ၍ မျက်လွှာကိုချလိုက်သည်။

"မင်း ဘယ်သူလဲ ဘာလို့ ဒီရေကူးကန်ကို ကျူးကျော်ပြီး ဝင်လာရတာ လဲ"

"ပန်းမြတ် တစ်ဘက်ခြံက ဧည့်သည်ပါ"

"တောက်…ကံကောင်းလို့မသေတယ်၊ မင်း ဘာပြုလို့ ရေညှိတွေရှိတဲ့ ဘောင်ပေါ် ပြေးတက်လာရတာ လဲ"

"အို့…ရှင်က တအား အော်နေတာကိုး"

လာလာချည်းသေး၊ ကျူးကျော်လို့ အော်တဲ့သူကိုပဲ၊ ပန်းမြတ်လေးက မကျေမနပ်ရှိနေပါလား။ ထိုသူရဲ့မျက်ဝန်းထဲမှာ ဒေါသရိပ်တွေ ယှက်နွယ်သွားသည်။

"အော်တာအပြစ်လား၊ ဘာလဲ မင်းက ငါ့ကိုပြန်ပြီး

တရားစွဲချင်သေးလို့လား”

ဒေါသတကြီးနှင့် ပန်းမြတ်လေးရဲ့ ပခုံးတွေကို ဆွဲကိုင်လှုပ်ယမ်းပြီး သူက အော်ပြောသည်။

“အို ...ဘာလို့ တအားအော်နေရတာ လဲ”

“အော်ရမှာပဲ၊ မင်းစကားကရော အချိုးပြေလို့လား သူတစ်ပါးခြံထဲခိုးဝင်ပြီး၊ ခွင့်မတောင်းဘဲ၊ ဒီရေကူးကန်မှာ ကူးနေတာ မဟုတ်လား”

သူ့ဘက်ကမှန်နေပြီး၊ ကိုယ့်ဘက်က အလွန်မို့ ပန်းမြတ်လေး၊ ရန်ပြန်မတွေ့လိုက်ပါ။

“မင်း ဘယ်လို မိန်းကလေးလဲ သူတစ်ပါးခြံထဲ အခွင့်မတောင်းဘဲ ဝင်ရဲလှချည်လား”

“တိုတောင်းစရာမရှိ တိုတောင်းလိုက်တာ၊ ကျွန်မကူးလို့ ဒီကန်ကြီးပျက်စီးသွားမှာ ပဲ့သွားမှာ ကျနေတာပဲ”

နှုတ်ခမ်းလေးကို ချွန်နေအောင် ပန်းမြတ်လေးက ပြန်ရန်ထောင်သည်။ ရုတ်တရက် သူ့မျက်ဝန်းမှာ လှောင်ရိပ်တစ်ခု ခိုဝင်လာသည်။

“ဟား...ဟား ကျလောက်တယ်၊ မင်း ဘယ်လို မိန်းမစားမျိုးလဲကွာ”

ထိုသူရဲ့ စကားတွေက ပန်းမြတ်လေးကို အထင်သေးသည့် အရိပ်အမြွက်တွေ ပါနေပါလား။ ချောမွေ့တဲ့ ပန်းမြတ်လေးရဲ့ မျက်နှာဆီသို့ အကြည့်ကဝဲပြီး၊ ကိုယ်ပေါ်သို့ ပျံ့ဆင်းသွားသည်။

အင်္ကျီနှင့် လုံးချည်ချွတ်ထားရာဆီသို့ ပန်းမြတ်လေး အပြေးတစ်ပိုင်းနှင့် ထွက်သည်။ လုံချည်နှင့်အင်္ကျီကို အမြန်ကောက်ဝတ်လိုက်သည်။ ပန်းမြတ်လေးကို သူက စူးစမ်းသော အကြည့်တွေနှင့် ကြည့်နေဆဲပါ။

ထိုသူရဲ့ ရှေ့က အမြတ်ဆုံးထွက်သွားဖို့ ပန်းမြတ်လေး

ခြေလှမ်းပြင်လိုက်သည်။ ဒါကိုလည်း သူက သိလိုက်သည်။ အားယူ လှမ်းလိုက်သော ပန်းမြတ်လေးရဲ့ ပထမဦးဆုံး ခြေလှမ်းကို သူက ရပ်တန့်ပစ်လိုက်သည်။

ဖျတ်ခနဲ ပန်းမြတ်လေးရဲ့ လက်ကိုလှမ်း၍ ဆုပ်ကိုင်လိုက်သည်။ အံ့ဩထိတ်လန့်သော မျက်လုံးဝိုင်းလေးနှင့် သူ့ကိုမော့ကြည့်သည်။ ဖမ်းထားသော လက်ကို ဆောင့်ရုန်းသည်။ သူက မြဲမြံစွာ ဆုပ်ကိုင်ထားဆဲပါ။

"လွှတ်ပါ၊ ဘာလို့ ရှင် ကျွန်မလက်ကို ဖမ်းထားရတာ လဲ"

"မင်းကို ထွက်မသွားစေချင်သေးလို့ပါ"

"အို...လွှတ်ပါ"

ဒေါသမျက်ဝန်းတွေနှင့် သူ့ကိုကြည့်ပြီး ပန်းမြတ်လေးက အော်လိုက်သည်။ သူကလည်း တည်ထန်လွန်းသော မျက်ဝန်းတွေနှင့် နက်ရှိုင်းစွာ ကြည့်နေသည်။

"စိတ်ချ၊ ငါသိချင်တာမေးပြီး လွှတ်မယ်"

ဒေါသအရမ်းဖြစ်နေသည့်ကြားက သူ့ရဲ့ချောမွေ့တဲ့ ရုပ်ရည်ကို ပန်းမြတ်လေး သတိထားမိသည်။

"နေစမ်းပါဦး၊ မင်းက ဘယ်လိုလုပ်ပြီး ဒီနားမှာ ရေကူးကန်ရှိတယ်ဆိုတာ သိတာလဲ"

"ဒီလိုပဲပေါ့"

မနေ့ကတည်းက ဒီခြံကို ကျူးကျော်ပြီး ဝင်ခဲ့သည့်အဖြစ်ကို တိတိကျကျမဖြေဘဲ သွယ်ဝိုက် ဖြေရင်း မျက်စောင်းပစ်ထိုးလိုက်သည်။

"ဒီခြံကို မင်း အခုမနက်မှ ရောက်ဖူးတာမဖြစ်နိုင်ဘူး၊ ရေကူးဝတ်စုံနဲ့ လာကူးပုံထောက်တော့၊ မင်း အနည်းဆုံးတစ်ခေါက်လောက် ဒီခြံကို လာလေ့လာဖူးရမယ်"

"စုံထောက်တွေးတွေးရင်တော့ ဟုတ်မှာပေါ့"

"ပြောစမ်း၊ မင်းဘယ်နှစ်ခါ ဒီခြံကိုရောက်ဖူးလဲ"

"ရှင်ထင်ချင်သလို ထင်လိုက်လေ"

"တောက်..."

ကိုလူချော ဒေါသအရမ်းဖြစ်သွားသည်။ မေးသမျှကို ပြေပြေလည်လည်မဖြေသော မိန်းမလှလေးကို စိတ်ရှိလက်ရှိကိုင်ပေါက်ချင်စိတ်ပေါက်သွားသည်။

"ဆွဲထိုးလိုက်ရ သေတော့မှာပဲ"

"အောင်မယ်၊ လုပ်ရဲလုပ်ကြည့်လေ"

ပန်းမြတ်လေးကလည်း ဆတ်ဆတ်ကျဲ သေးသေးတင်မခံ သူ့ကို ပြန်ပြောလိုက်သည်။

"မင်းမှာ အသိဉာဏ်ခေါင်းပါးလှချည်လား၊ သူတစ်ပါးပိုင်နက်ထဲ ကျူးလွန်ရင် အရေးယူလို့ ရတယ်ဆိုတာ မသိဘူးလား"

"သိသားပဲ"

"ဒါနဲ့ ဘာလို့ခိုးဝင်လဲ"

"သိပ်ဝင်ချင်လို့ ဝင်လိုက်တာပဲ၊ ဒါနဲ့နေပါဦး၊ ရှင်ကဘာလို့ ဒါလောက် တိုးတောင်းနေရတာ လဲ ဒါရှင့်ခြံလဲ မဟုတ်ဘဲနဲ့"

"ဘာပြောတယ်"

"ဒါစပ်ခွန်ထက်ခြံပဲ၊ ရှင်က ဘာဆိုင်လို့ ဒါလောက်တောင်ပါဝါတွေပြနေတာလဲ"

"အော်...ဟုတ်လား၊ ဒီခြံကို စပ်ခွန်ထက်ပိုင်တာ မင်းသိတယ်ပေါ့"

"သိပ်သိ"

ထိုသူရဲ့ နှုတ်ခမ်းထောင့်စွန်းမှာ ပြုံးငွေ့ငွေ့ လှောင်ရိပ်တစ်ခု တွဲလဲခိုသွားသည်။

"မင်းကို ဘယ်သူပြောလဲ"

"ကျွန်မတည်းတဲ့ အိမ်ကဒေါ်စန္ဒာပြောလို့ သိတာပေ့ါ..."

မထိတရိ မျက်နှာလေးနှင့်ထိုသူကို ကြည့်လိုက်ပြီး ပန်းမြတ်လေး လှည့်ထွက်လိုက်သည်။

"နေဦး ဒါဘယ်လဲ"

"ပြန်မယ်လေ"

"မင်းတစ်ယောက်တည်းလား"

"ဟုတ်တယ်"

"မင်း ကောင်းကောင်း နေမကောင်းသေးဘူး မဟုတ်လား၊ ငါလိုက်ပို့ ပေးမယ်"

"ရတယ်"

ထိုသူက သူ့ကိုယ်သူ အံ့သြနေသည်။
ကျူးကျော်ဝင်ရောက်လာတဲ့အချိုးမပြေ ကျွတ်ဆတ်ဆတ် မိန်းကလေးအပေါ် ဘာကြောင့် ရုတ်တရက်စေတနာတွေပိုမိပါလိမ့်။

"နောက်ပြီး မင်း ဘယ်နေရာက ဝင်လာတယ်ဆိုတာ ငါသိချင်တယ်"

"သိချင်ရင် လိုက်ကြည့်ပေ့ါ"

ကျွတ်ဆတ်ဆတ် ဂျစ်ကန်ကန်မလေးကို ကြည့်ရင်း ထိုသူရဲ့ ရင်ထဲမှာ တုန်ယင်လှိုက်ခတ်သွားသည်။ ပန်းမြတ်လေးရဲ့နောက်သို့ သူလိုက်ခဲ့သည်။

“နေပါဦး၊ မင်းတို့က ဘယ်ကလာခဲ့ကြတာလဲ”

“ရန်ကုန်ကလေ”

“လာလည်တာပေါ့ ဟုတ်လား”

“ဒီ့ အပြင် ဘာရှိဦးမလဲ”

အချိုးမပြေသော ပန်းမြတ်လေးရဲ့ စကားတွေက တကယ် ဒေါသဖြစ်ချင်စရာပဲ၊ ဒါပေမယ့် သူ့ရင်ထဲမှာ ဖြစ်သင့်တဲ့ ဒေါသတွေ ဘယ်ပျောက်နေတာလဲ။

ပန်းမြတ်လေး ဘယ်နေရာမလွယ်ပေါက်က ဝင်လာသည်ကို သူသိချင်၍ လိုက်ခဲ့သည်။ သွက်လက်စွာ ခြေလှမ်းမြန်မြန်ကြီးနှင့် ပန်းမြတ်လေး နောက်သို့ လိုက်ခဲ့သည်။ ပြေပြစ်သော ပန်းမြတ်လေးရဲ့ ကိုယ်လုံးအလှကို နောက်ဘက်က ကြည့်ရင်း ပါလာသည်။ ခြံစည်းရိုးနား ရောက်သည်။

“ဒီမှာလေ၊ ဒီနေရာက ကျွန်မဝင်ခဲ့တာ”

မထီတရီမျက်နှာပေးနှင့် လှည့်ပြောသည်။ ပြီးတော့ တစ်ဘက်ခြံသို့ ကူးသွားသည်။

“ဟိတ်...နေပါဦး”

“ဆောရီးပဲ၊ သွားပါဦးမယ်နော်”

လှောင်တောင်တောင်နှင့် မချိုမချဉ် ပြောပြီး လွင့်ခနဲ ပန်းမြတ်လေး ပြေးထွက်လာသည်။ ပန်းမြတ်လေးရဲ့ နောက်ကျောကို ငေးငိုင်စွာကြည့်ရင်း ထိုသူ ကျန်ရစ်ခဲ့သည်။

♥ ♥ ♥

# (၅)

အိပ်ခန်းရဲ့ မလွယ်ပေါက်ဆီသို့ နောက်ကြောင်း လုံးဝလှည့်မကြည့်ဘဲ၊ ပန်းမြတ်လေး လျှောက်ခဲ့သည်။ စေ့ထားသည့် တံခါးကို သာသာလေး ဆွဲဖွင့်လိုက်သည်။ သက်စုများ နိုးနေပြီလားလို့ ခုတင်ပေါ် လှမ်းကြည့်လိုက်သည်။

နံနက် မိုးစင်စင်လင်းတာတောင် သက်စုက နှစ်ခြိုက်စွာ အိပ်ပျော်နေဆဲပါလား။ ရေချိုးခန်းဝင်ပြီး ရေချိုးလိုက်သည်။ ပြီးတော့ မျက်နှာကို လိမ်းခြယ်လိုက်သည်။ အားလုံး ကိစ္စပြီးမှ အိပ်ရာပေါ် ပြန်လှဲနေသည်။

စောစောက အဖြစ်တွေကို ပြန်လည်တွေးတော ခံစားရင်း ရင်တွေက သိမ့်သိမ့် ခုန်လာသည်။ ချောမွေ့ခံ့ညားသော လူစိမ်းရဲ့ မျက်နှာကို အတွေး အာရုံထဲမှာ ပြန်လည် မြင်ယောင်မိသည်။

ချောမွေ့သော မျက်နှာမှာ မာနရိပ်တွေ လွှမ်းမိုးနေသည်ကို ပန်းမြတ်လေး သတိထားမိသည်။ ထိုသူရဲ့ အသက်ကို သုံးဆယ်ဝန်းကျင်လောက် ရှိမည်လို့ ပန်းမြတ်လေးက ခန့်မှန်းမိသည်။

"စကားပြောတာလဲ တကယ် ရင့်တယ်၊ အဲဒီ သူက ဘယ်သူလဲ စပ်ခွန်ထက်နဲ့ ဘယ်လို ပတ်သက်သလဲ၊ စပ်ခွန်ထက်က အသက်ကြီးကြီး လူတစ်ယောက်လို့ ဦးငြိမ်းဝေရဲ့ အပြောအရ ထင်ရှားတယ်၊ သူဟာ စပ်ခွန်ထက် မဟုတ်ရင် သူ ဘယ်သူလဲ"

ပန်းမြတ်လေး ခေါင်းရှုပ်ခံပြီး တွေးတောနေသည်။

"စပ်ခွန်ထက် မဟုတ်ရင် သူဟာ စပ်ခွန်ထက်ရဲ့သွေးသားလား၊ ဒါမှမဟုတ် သူ့ရဲ့ အလုပ်သမားလား၊ ပါဝါကတော့ တကယ် ပြတာပဲ၊ ဟွန်းကြီးကျယ်လိုက်တာ"

ပန်းမြတ်လေး မကျေမနပ်နှင့်တွေးပြီး မျက်နှာလေးကလည်း

ရှုံ့မဲ့နေသည်။

"ကြီးကျယ်လိုက်တာ စပ်ခွန်ထက် အစစ်နဲ့ တွေ့ရင်တောင်မှ ငါ့ကို ဒီလိုမောက်မောက်မာမာ ဆက်ဆံမှာ မဟုတ်ဘူး၊ ခုတော့ ငါ့ကိုပိုင်နက် ကျူးလွန်မှုနဲ့ တရားစွဲရင် ရတယ်လေး ဘာလေးနဲ့"

တစ်ယောက်တည်း မကျေမနပ်နှင့် ပန်းမြတ်လေးတွေးနေသည်။ ထိုသူရဲ့ မျက်နှာက ရင်ထဲမှာ တိတ်တခိုးငြိတွယ်လာကို ပန်းမြတ်လေး သတိမမူသေးပါ။

မိမိရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်း တော်တော်များများ လုံခြုံမှု နည်းပါးသော ရေကူးဝတ်စုံအောက်မှာ ရှိနေစဉ် ထိုသူနဲ့ လက်ပွန်းတတီး ရှိခဲ့သည်များကို တွေးပြီး ရှက်လည်းရှက် ကြက်သီးမွေးညင်းများ ထလာသည်။

ရေထဲနစ်သွားစဉ် သူမရဲ့ ကိုယ်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ပွေ့ချီခဲ့သည့် အဖြစ်တွေကိုလည်း ပြန်တွေးမိပြီး။ တစ်ယောက်တည်းရှက်သွေးဖြာရင်း ကတုန်ကယင်ကြီး ဖြစ်နေသည်။

နောက်တစ်ခေါက် ထိုရေကူးကန်သို့သွားပြီး ရေကူးဖို့ကို လုံးဝစိတ်မကူးတော့ပါ။ ထိုသူနှင့် ပြန်လည်ဆုံတွေ့ရမှာကို ပန်းမြတ်လေး ရှက်ရွံ့ထိတ်လန့်နေပါသည်။

အတွေး ကောင်းနေစဉ်မှာပဲ သက်စု အိပ်ရာက နိုးလာသည်။ ပန်းမြတ်လေး ဗိုက်ထဲက ဂွီဂွီမြည်နေသည်။ ဆာလောင်သည့်ဒဏ်ကို ပန်းမြတ်လေး ခံစားနေရသည်။ ဒေါ်စန္ဒာကို အားနာ၍ သည်းခံ မျိုသိပ်နေရသည်။

မျှော်တုန်း မျှော်ဆဲမှာပဲ ဒေါ်စန္ဒာက နံနက်စာစားဖို့ လာခေါ်သည်။ ပန်းမြတ်လေး ဝမ်းသာ အားရလာခဲ့မည့်အကြောင်း ပြန်ပြောလိုက်သည်။ မျက်နှာသစ် ဖြီးလိမ်းတာကြာလွန်းတော့ သက်စုကို စတ်မရှည်တော့ပါ။

“သက်စုရယ်၊ မြန်မြန် လုပ်ပါဟယ်”

“ပြီးပါပြီး မမပန်းမြတ်ရဲ့”

ပြီးပါပြီသာ တာပြောတယ် သက်စုဖြည်းဖြည်းလေး လုပ်နေသည်။ ပြီးတော့ ပန်းမြတ်လေးကို လှည့်ကြည့်ပြီး စပ်စုနေပါသေးသည်။

“ရေချိုးခန်းထဲမှာ မမပန်းမြတ်ရဲ့ ရေကူးဝတ်စုံတွေ့တယ်၊ မမပန်းမြတ် ဘယ်မှာ ရေသွားကူးတာလဲ ဟင်”

ပန်းမြတ်လေး ရင်ထဲမှာ ထိတ်သွားသည်။ အထိတ်တလန့် မျက်ဝန်းတွေနှင့် သက်စုကို လှမ်းကြည့်လိုက်သည်။

“ရေကူးဝတ်စုံက ရေတွေ စိုနေတယ်လေ”

“အဲဒါ လျှော်ထားလို့ပါ သက်စုရဲ့”

ပန်းမြတ်လေးက တမင်ပင်လျှို့လျှို့ဝှက်ဝှက်လေးပြောလိုက်သည်။ ဘာကြောင့်မှန်းမသိ၊ မနက်က ဖြစ်ခဲ့သော အဖြစ်ကို သက်စုကို ပြောပြရမှာ ရှက်နေသည်။

ခု လောလောဆယ် သက်စုကို အသိမပေးသေးဘဲ နောင်မှ အသိပေးဖို့ ဆုံးဖြတ်လိုက်သည်။ သက်စုက ဖြီးလိမ်းပြင်ဆင်ပြီးပြီ။

“သွားစို့လေ မမပန်းမြတ်”

ထမင်းစားခန်းသို့ ရောက်တော့မှ သက်စုကြော့မော့စွာ ပြင်ထားသော အကြောင်းအရင်းကို သိရတော့သည်။ မင်းသူနှင့်ကျော်လွင်လည်း နံနက်စာ စားပွဲမှာ ရောက်နေလေသည်။ သူတို့ကြောင့် သက်စု ခါတိုင်းထက် ပို၍ ပြင်ဆင်ထားသည်ပဲ။

မနေ့ကမှ တွေ့ဆုံခဲ့ရသော မင်းသူ၊ ကျော်လွင်တို့နှင့် သက်စုက သိပ်ကို ရင်းနှီးနေသည်ပဲ။ သက်စုတို့အရွယ်သည် စိမ်းဆတ်ဆတ် မနူးမနပ်အရွယ်ဖြစ်ပြီး များသောအားဖြင့် စိတ်ကစားတတ်ကြသည်။ ဒါပေမယ့် သက်စုကပိုပြီး

လွန်ကဲနေသည်ကို ပန်းမြတ်လေး သတိထားမိသည်။

လတ်တလောအခြေအနေမှာ သက်စုကို တာဝန်ယူထိန်းကျောင်းနေရသူမို့ သက်စုကို မျက်ခြည်မပြတ် လေ့လာနေရသည်လေ။

မင်းသူက လိုအပ်သလောက်သာ ပြောဆို၊ ဆက်ဆံနေသော်လည်း ကျော်လွင်က သက်စုကို အရေးတယူရှိလွန်းနေသည်။ ကျော်လွင်ရဲ့ ဆက်ဆံမှုသည် သိပ်ကိုရဲတင်းလွန်းနေသည်ကို ပန်းမြတ်လေး ထင်နေသည်။

"ဒီနေ့ ရေပူစမ်းကို သွားလည်ကြရအောင်လား"

ကျော်လွင်က စပြီး အစ ဖော်လိုက်သည်။ သက်စုရဲ့ မျက်နှာလေး ပျော်ရွှင် စိတ်ဝင်စားမှုကြောင့် ဝင်းလက်သွားသည်။

"ဟာ…သိပ်ကောင်းတာပေါ့၊ သက်စုက အိမ်ထဲမှာ နေရတာ ပျင်းနေတာ သိလား"

"သက်စုမပျင်းရအောင်၊ ကျွန်တော် လိုက်ပို့ပေးပါ့မယ်၊ သွားချင်တဲ့ နေရာကိုပြောပါ"

မင်းသူက အိမ်ရှင့်ဝတ္တရားကျေပွန်စွာနှင့် ပြောသည်။ မင်းသူတို့ သားအဖသုံးယောက်လုံး ပန်းမြတ်လေးနှင့် သက်စုအပေါ်မှာ ဝတ္တရားကျေပွန်လှပါသည်။

"ကဲ…ဒါဆို စောစောထွက်ကြမယ်၊ ဟိုမှာ ရေချိုးချင်ရင်လဲ အဝတ်ပို ထည့်ခဲ့ကြနော်"

"ဟုတ်တယ်၊ ရေပူစမ်းမှာ သက်စု ရေချိုးချင်တာ သိလား"

စားသောက်ဖွယ်ရာများကို ဒေါ်စန္ဒာက စီစဉ်ပြီးထည့်ပေးသည်။ မင်းသူ၊ ကျော်လွင်နှင့် သက်စုတို့ နှစ်ယောက် မင်းသူရဲ့ ပတ်ဘလစ်ကာ

ကားလေးနှင့်ထွက်ခဲ့ကြသည်။

ရေပူစမ်းမှာ ရေချိုးကြသည်။ ဒေါ်စန္ဒာ ထည့်ပေးသော စားသောက်ဖွယ်ရာများကို သစ်ပင်အောက်မှာ ခင်းကျင်းပြီး ထိုင်စားကြသည်။

ပျော်မြူးနေတဲ့ သက်စုကိုကြည့်ပြီး ပန်းမြတ်လေး ပင့်သက်ချလိုက်သည်။ သည်လိုလည်ပတ်နေရတော့ သက်စုကျေနပ်နေသည်။ အိမ်ထဲမှာပဲ နေရလျှင် သက်စု ဘယ်လောက်များ မိမိကို စိတ်ညစ်အောင် ပြောနေမည်မသိ။

မင်းသူကို ပန်းမြတ်လေး ကျေးဇူးတင်နေသည်။ မင်းသူတို့ကြောင့် သက်စုကို ထိန်းသိမ်းရတာ လွယ်ကူနေသည် မဟုတ်လား။

ရေပူစမ်းက ညနေ ပြန်ခဲ့ကြသည်။ အိမ်သို့ အပြန်လမ်းမှာ ကျယ်ဝန်းသော သစ်သီးခြံကို ဖြတ်ကျော်ခဲ့ရသည်။ အသွားခရီးတည်းက ထိုခြံကို စိတ်ဝင်တစား ပန်းမြတ်လေး ကြည့်ခဲ့သည်။ အပြန်ကျတော့လည်း ကားနှင့်ဖြတ်စဉ် ခြံဆီသို့ အကြည့်တွေ စူးစူးစိုက်စိုက် ရောက်နေသည်။

သစ်ပင်တွေ အုံ့ဆိုင်းနေသော ခြံကြီးကိုသာ တွေ့ရသည်။ အိမ်ကြီးကို မတွေ့ရပေမယ့် သစ်ပင်တွေကြားက ထိုးထိုးထောင်ထောင် ထွက်နေသော အိမ်ခေါင်မိုးကို တွေ့လိုက်ရသည်။ မြင့်မားသော အိမ်ကြီးတစ်အိမ် ဖြစ်ရမည်လို့ ပန်းမြတ်လေး တွက်ဆလိုက်သည်။

ဦးငြိမ်းဝေ ပေးလိုက်သော တာဝန်များ ကျေပွန်အောင် သည်အိမ်ကြီးဆီသို့ ပန်းမြတ်လေး သွားရမည်သာ။ ထိုအိမ်ကြီးဆီသို့ ဝင်နိုင်ထွက်နိုင်သော နည်းလမ်းကို ရှာဖွေရမည်သာ။

ရုတ်တရက် ပန်းမြတ်လေးရဲ့ အတွေးအာရုံထဲသို့ နံနက်စောစောက တွေ့ခဲ့ရသော သူ့ရဲ့ပုံရိပ်က တိုးဝင်လာသည်။

ဘယ်သူ ဘယ်ဝါမှန်း မသိရသော ထိုသူ့ကြောင့် ပန်းမြတ်လေးရဲ့ နှလုံးသားလေး ဖျတ်ခနဲ လှိုက်ခုန်သွားသည်။

ထိုသူကြောင့် နှလုံးသားထဲမှာ ဝေဒနာတစ်ရပ် အစပျိုး သန္ဓေတည်နေပြီဆိုတာ ပန်းမြတ်လေး သိနေသည်။ တစ်ယောက်ရဲ့ နာမည် တစ်ယောက်မသိခင်ကတည်းက အချေအတင် မကျေမလည် ရန်ပွဲလေးလည်း ဖြစ်ခဲ့ရသေးသည် မဟုတ်ဘူးလား။

ကျော်လွင်နှင့်သက်စုတို့ရဲ့ စကားသံတွေ ဆူညံနေသလောက် ပန်းမြတ်လေး နှုတ်ဆိတ်နေသည်။

♥ ♥ ♥

## (၆)

နောက်တစ်နေ့မှာ မင်းသူရော ကျော်လွင်ပါ အလုပ်ကိစ္စရှိသည်ဆိုပြီး တောင်ကြီးသို့တက်သွားသည်။ သက်စု ပျင်းရိစွာ တစ်နေ့တာ အချိန်ကို ကုန်ဆုံးနေရသည်။

တစ်ဘက်ခြံဆီသို့ ပန်းမြတ်လေး ဝင်ပြီး စပ်စုချင်ပေမယ့် တစ်နေ့ကတွေ့ခဲ့ရသောသူနှင့်ပြန်လည်တွေ့ဆုံမှာတော့ စိုးရိမ်နေသည်။

ညနေဘက် အပျင်းပြေခြံထဲမှာ လမ်းလျှောက်တော့လည်း စပ်ခွန်ထက်ခြံနှင့်ကပ်နေသောအပိုင်းသို့မသွားဘဲ တစ်ဘက်ခြမ်းမှာပဲ လမ်းလျှောက်နေသည်။ မတော်တဆ ဒေါသကြီးတဲ့ ကိုလူချောနဲ့ တွေ့ရမှာကို မလိုလားပါ။

ညမိုးချုပ်မှာ မင်းသူတို့ နှစ်ယောက်ပြန်လာသည်။ သက်စုလည်း အဲသည် အချိန်ကျမှ ရွှင်ရွှင်ပျပျ ဖြစ်လာသည်။

“အားတဲ့တစ်ရက် သက်စုကို အင်းလေး လိုက်ပို့ဦးနော် မင်းသူ”

“လိုက်ပို့မှာပေ့ါ သက်စုရဲ့”

ပန်းမြတ်လေးကလည်း မရောက်ဖူးသော နေရာများမို့ သွားရောက်လည်ပတ်ချင်ပါသည်။ ဒါပေမယ့် ပန်းမြတ်လေးရဲ့ရင်ထဲမှာ မရှင်းမလင်း ဖြစ်နေသည်။

ဦးငြိမ်းဝေ ခိုင်းလိုက်သောကိစ္စကို မိမိဘာတစ်ခုမှ စွမ်းဆောင်နိုင်ခြင်း မရှိသေးပါလား။

မလွယ်ကူသော အလုပ်တစ်ခုကို ဦးငြိမ်းဝေက မိမိကို တာဝန်ပေးလိုက်သည်ပဲ။ သူတစ်ပါးရဲ့ ပိုင်နက်ထဲ ဝင်ရောက်စုံစမ်းဖို့ဆိုတာ လွယ်ကူသည့် အလုပ်မဟုတ်ပေမယ့် ပန်းမြတ်လေး လက်ခံခဲ့သည်။

မင်းသူ၊ သက်စုနှင့် ကျော်လွင်တို့သုံးဦး ညဥ့်နက်သည်အထိ ဗွီဒီယိုကြည့်နေသည်။ ပန်းမြတ်လေးက အိပ်ချင်နေပါပြီ။ သက်စုကိုလည်း ယောကျ်ားလေးနှစ်ယောက်နဲ့အတူ မထားခဲ့ချင်၍ အောင့်အည်းပြီး အိပ်ချင်စိတ်ကို မျိုသိပ်ကာ သည်းခံကြည့်နေရသည်။

ဇာတ်ကားပြီးဆုံးတာတောင် သက်စုက လေကြောမပြတ်သေးပါ။ ပန်းမြတ်လေးက အိပ်ဖို့ မနည်းကြီးခေါ်ယူရသည်။

“မမပန်းမြတ်ကလဲ အိပ်ချင်ရင် သွားအိပ်နှင့်ပါလားလို့...”

အခန်းထဲသို့ ဝင်ခဲ့စဉ်မှာ သက်စုက မကျေမနပ်နှင့် ရန်တွေ့ပါသေးသည်။

“သက်စုရယ် ညဥ့်နက်နေပြီ၊ အဲလို သူစိမ်းယောကျ်ားလေးတွေနဲ့ စကားပြောနေတာ ဘယ်ကောင်းမလဲ”

သက်စုက မကျေမနပ် မျက်နှာစူပုတ်ပုတ်နှင့်

ပန်းမြတ်လေးကိုကြည့်လိုက်သည်။

“မမ ပန်းမြတ်က ခေတ်မှီ မလိုလို့နဲ့ တစ်ခါတစ်ခါသိပ်ပြီး ခေတ်အောက်တယ်”

“အလို-ဘာများ ခေတ်အောက်လို့လဲ”

“အဘွားကြီးတစ်ယောက်လိုပဲ သက်စုကို သိပ်ချုပ်ချယ်တယ်၊ ခေတ်နဲ့အညီ နေစမ်းပါ မမပန်းမြတ်ရာ”

“ဣန္ဒြေသိက္ခာနဲ့ နေတာ ခေတ်မမီဘူးတဲ့လား သက်စုရယ်”

ခေတ်ရှေ့ကပြေးပြီး မိန်းမ ပီသဖို့ဆိုတာ တစ်စက်လေးမှမသိရှာတဲ့ သက်စု၊ ပါးစပ်က ပွစိပွစိပြောပြီး အိပ်ရာထဲဝင်သွားသည်။ သက်စုကိုကြည့်ရင်း ပန်းမြတ်လေး သက်ပြင်းနက်နက်ရှိုက်လိုက်သည်။

“ဩော်…သမီးတစ်ကောင် နွားတစ်ထောင်ဆိုတာ သက်စုလိုမျိုး သမီးတွေ ထင်ပါရဲ့”

သက်စုအပေါ် ကောက်ချက်ချပြီး အိပ်ရာထဲဝင်လိုက်သည်။ အတွေးတွေ ပျံ့လွင့်ပြီး ရင်မောစရာ သက်စုကိုမေ့သွားသည်။ သူမရဲ့အတွေးထဲမှာ မျက်နှာစိမ်း ကိုလူချောက အလည်ရောက်လာပြန်သည်။ ထိုသူကို ဘာကြောင့်များ ပန်းမြတ်လေး ခဏခဏ သတိရနေမိပါလိမ့်။

ပန်းမြတ်လေးကို သူကလွှမ်းမိုးစပြုနေပြီးလား၊ ခဏလေးသာ တွေ့ဆုံခဲ့ရပြီး အမည်မသိသော ထိုသူကို ပန်းမြတ်လေး နှလုံးသားက တွယ်ငြိလိုက်ပြီလား။

“ဟင့်အင်း၊ ပန်းမြတ်လေးရဲ့ နှလုံးသားထဲကို ဘယ်သူ့ကိုမှ အဝင်မခံဘူး”

အကြောက်အကန် ပန်းမြတ်လေးက ငြင်းဆိုလိုက်သည်။ ခံစားမှု

မလာဖြစ်နေသော နှလုံးသားထဲမှာ ဘယ်သို့သော ခံစားမှုမျိုးကိုမှ အဝင်မခံနိုင်၊ အလွှမ်းမိုးမခံနိုင်ပါ။ အချစ်ဆိုသော ခါးသီးလောင်မြိုက်သည့် ခံစားမှုကို ပန်းမြတ်လေးရဲ့ နှလုံးသားမှာ ပြန်လည်မခံစားစေချင်ပါ။

ပြည်ဖုံးကား ချခဲ့ပြီးသော အတိတ်ရဲ့ ဖြစ်ရပ်များကို ပန်းမြတ်လေး ရင်နာလွန်း၍ ပြန်ပင်မတွေးချင်တော့ပါ။ ရင်နာစရာအဖြစ်များကို ပြန်တွေးမိသော်လည်း ခန်းခြောက်နေပြီ ဖြစ်တဲ့ မျက်ရည်စတွေ မျက်ဝန်းထဲမှာ လာရောက်ထိတွေ့ချင်းမရှိပါ။

အိပ်ပျော်အောင် ကြိုးစားပြီး ပန်းမြတ်လေး အိပ်စက်လိုက်ပါသည်။ တစ်ဘက်ခုတင်က သက်စုကတော့ အပူအပင်ကင်းစွာ စောစောကတည်းက နှစ်ခြိုက်စွာ အိပ်ပျော်သွားလေပြီ။

သက်စုက အင်းလေးကန် သွားချင်သည်လို့ တပူတစာ လုပ်နေသည်။ အားသည့် နေ့ရက်တစ်ရက်မှာ မင်းသူက လိုက်ပို့သည် နံနက်စောစောပင် အိမ်ကထွက်ခဲ့ကြသည်။

ညောင်ရွှေမြို့သို့ ရောက်ခဲ့ပါပြီ။ မင်းသူက သူ့ရဲ့ကားကို အပ်ပြီး စက်တပ်ပဲ့ချိတ်တစင်း သီးသန့်ငှားလိုက်သည်။

သက်စုက ပဲ့ချိတ်ပေါ် ထိုင်ရင်း ရေပြင်ကို လက်ဖျားလေးနှင့် ထိတွေ့ကစားနေသည်။ ကြည်လဲ့နေသော ရေပြင်ထဲကိုငုံ့ကြည့်ပြီး ဒိုက်မှော်စိမ်းစိမ်းများကိုတွေ့ပြီး သက်စုက ပခုံးလေးတွန့်ပြီး ပြောသည်။

“အဲဒီ မှော်ပင်တွေ တွေ့ရင်၊ သက်စု သိပ်ပြီးအသည်းယားတယ်၊ ကြောက်လဲ ကြောက်တယ်၊ ရေထဲ ကျရင် မလွယ်ဘူးနော် သေမှာပဲ”

“ဟာ သက်စုက ဘာတွေလျှောက်ပြောနေတာလဲ”

ပန်းမြတ်လေးက မလိုလားဟန်နှင့် သက်စုရဲ့ စကားကို

ဟန့်တားလိုက်သည်။ သက်စုက သဘောကျစွာ ရယ်သည်။

"အဟင်း...မမပန်းမြတ်က ကြောက်နေတယ် ပေါ့"

"သက်စုရယ်၊ ခရီးသွားရင်း ပေါက်ကရတွေ မပြောနဲ့ မမပန်းမြတ် ကြောက်တယ်"

"မမပန်းမြတ် အဘွားကြီးဂိုဏ်းဝင်နေပြီ သိလား"

လှောင်ရယ်လေးများနှင့် သက်စုက ပန်းမြတ်လေးကို နောက်ပြောင်သည်။ ပေါ့ပေါ့ပါးပါး နေတတ်သလို၊ ပေါ့ပေါ့ဆဆ တွေးတောတတ်သည့် သက်စု အကြောင်းသိပြီးသားမို့ ပန်းမြတ်လေး ခွင့်လွှတ်လိုက်ရသည်။

ပန်းမြတ်လေးလည်း သက်စုရဲ့ အရွယ်ကို ကျော်လွန်ပြီးမှ ဒီအသက် ရောက်လာသည်ပဲ။ ဒါပေမယ့် သက်စုလို ပေါ့ပေါ့ဆဆ ဘယ်အရာကိုမှ မတွေးထားခဲ့ပါ။

ယောကျ်ားလေး တွေနှင့်လည်း သည်လိုချက်ချင်း ရင်းနှီး၊ ချက်ချင်း လက်ပွန်းတတီး မနေခဲ့ပါ။

သက်စုထက် လေးနှစ်လောက်သာ ကြီးပေမယ့် ပန်းမြတ်လေးက သက်စုထက် အများကြီးတည်ငြိမ်ရင့်ကျက်နေပြီပဲ။ ကျော်လွင်ကလည်း သက်စုကို သိပ်ပြီးရောလွန်းသည်။ မရိုးသားသော အကြည့်များ ကျော်လွင်ရဲ့ မျက်ဝန်းမှာ တစ်ခါတစ်ရံ ပန်းမြတ်လေး တွေ့ရှိနေရသည်။

ဖောင်တော်ဦး စေတီဆီသို့ သုံးယောက်သား တက်ခဲ့ကြသည်။ တန်ခိုးကြီးလှသော ဖောင်တော်ဦး ဘုရားတွေမှာ သက်န်းကပ်လှူကြသည်။ နံနက်စာကိုလည်း ဘုရားရဲ့ ခြေရင်းဈေးဆိုင်မှာ စားသောက်ကြသည်။

နေ့လယ် နှစ်နာရီလောက်မှာ အင်းလေးကန်က ပြန်ထွက်ခဲ့ကြသည်။

အင်းပေါင်ခုံရှိ ယက်ကန်းစင်က ရှမ်းလုံချည်လွယ်အိတ်ကို သက်စုက ဝယ်ခဲ့သည်။

“မမပန်းမြတ် ဘာလို့ လုံချည်တစ်ထည်တည်း ဝယ်တာလဲ”

သူက သုံထည်ဝယ်ပြီး၊ ပန်းမြတ်လေး တစ်ထည်တည်းဝယ်၍ သက်စုက မေးလိုက်သည်။

“တစ်ထည်ပဲ တော်ပါပြီ၊ သက်စုရယ်”

“သိပ်ကပ်စေးနဲ့တယ်”

“ငွေကို တိုင်းတိုင်းတိတိ သုံးတဲ့ ပန်းမြတ်လေးကို သက်စုက ကျီစယ်လိုက်ပြန်သည်။ အသုံးဝင်တာရော မဝင်တာရော မျက်မှန်းတန်းမိသမျှ သက်စုဝယ်သည်။ ပန်းမြတ်လေးက တားလို့လည်းမရ။ ငွေတန်ဖိုး နားမလည်အသားလွှတ်ဖြုန်းနေသော သူဌေးသမီးကို ပန်းမြတ်လေး လက်ပိုက်ကြည့်နေရသည်။

နေရာတကာမှာ ဆင်ခြင်တွေးတော်နိုင်စွမ်း မရှိတဲ့ သက်စုကို လက်လွှတ်ထားလိုက်သည်။ အရာရာတိုင်းမှာ လိုက်ပြီး ချုပ်ချယ်နေလို့လည်း မဖြစ်သေးဘူးလေ။

အင်းလေးကန်မှ ပြန်ခဲ့ချိန်က ညနေပင် စောင်းနေပြီ။ ဒေါ်စန္ဒာက ညစာထမင်းဝိုင်း အသင့်နှင့် စောင့်နေသည်။ ရေမိုးချိုး ထမင်းစားပြီး၊ ပန်းမြတ်လေး ခြံထဲသို့ဆင်းခဲ့သည်။ သက်စုရဲ့ အသံစာစာကို ကြာကြာကြားရတာ ခေါင်းထဲ ငြီစီစီကြီး ဖြစ်နေသည်။ စပ်ခွန်ထက်ရဲ့ ခြံနားဆီသို့လျှောက်ခဲ့သည်။ ကျူးကျော်ဝင်ရောက်ခြင်း မရှိဘဲ၊ သည်ဘက်အခြမ်းက နေလှမ်းကြည့်သည်။

တိတ်ဆိတ်နေသော ခြံကြီးကိုသာ တွေ့မြင်နေရသည်။ တစ်ခါသာ ဆုံတွေ့ခဲ့ရသော သူကို ပန်းမြတ်လေးရဲ့ရင်ထဲမှာ တမ်းတမ်းတတကြီး စွဲလမ်းနေသည်။ ထိုသူဘယ်သူဆိုတာ သိပ်ကို သိချင်နေသည်။

♥ ♥ ♥